ဂျပန်တွင်နေထိုင်စဉ် ဘဏ်စာရင်းနှင့်ငွေလွှဲ အသုံးပြုနည်း

金融庁

ミャンマー語

ဘဏ်စာရင်းဖွင့်ခြင်း

ဘဏ်စာရင်းသည် ဘဏ်စသည့် အောက်ပါငွေရေးကြေးရေး အဖွဲ့အစည်းများတွင် ပြုလုပ် နိုင်ပါသည်။

- ဘဏ်
- ရှင်းခင်းဘဏ်
- ခရက်ဒစ်အဖွဲ့အစည်း
- JA ဘဏ်
- JF မရိုန်းဘဏ်
- အလုပ်သမားဘဏ်

ဘဏ်စာရင်းဖွင့်သည့်အခါဥပမာအနေနဲ့အောက်ပါအချက် အလက်များလိုအပ်ပါသည်။

(လိုအပ်သည့်အချက်အလက်များသည်ငွေရေးကြေးရေး ဆိုင်ရာအဖွဲ့အစည်းအပေါ်မူတည်၍မတူညီမှုများလည်းရှိပါသည်။)

နိုင်ငံခြားသားမှတ်ပုံတင်ကတ်ပြား
နိုင်ငံကူးလက်မှတ်

တံဆိပ်တုံး

(အချို့သော ငွေရေးကြေးရေးအဖွဲ့အစည်းသည် လက်မှတ်ရေးထိုးခြင်းကို လက်ခံသည်။)

ဝန်ထမ်းကတ် သို့မဟုတ် ကျောင်းသားကတ်

(မရှိပါက ကျောင်း သို့မဟုတ် ကုမ္ပဏီမှ တာဝန်ရှိသူနှင့်အတူ ငွေရေးကြေးရေး အဖွဲ့အစည်းသို့ သွားပါ။)

ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်းသည်မိမိအဖွဲ့အစည်း မှကိုင်တွယ်ဆောင်ရွက်သည့်ကုန်ပစ္စည်း၊ ဝန်ဆောင်မှုများ သည်ငွေကြေးခဝါချခြင်းနှင့်အကြမ်းဖက်အဖွဲ့အစည်းများ အတွက်ငွေကြေးထောက်ပံ့မှုမဖြစ်စေရန်၊အပြည်ပြည်ဆိုင် ရာအဖွဲ့အစည်းများမှသတိပေးချက်များနှင့်ဥပဒေ၏ရည် ရွယ်ချက်များကိုလိုက်နာရန်လိုအပ်ပါသည်။

ၢင်းဆောင်ရွက်ချက်အနေနှင့်ငွေစာရင်းဖွင့်လျှင်သို့မဟုတ် ငွေစာရင်းဖွင့်ပြီးသည့်နောက်တွင်လည်းလိုအပ်လျှင်လိုအပ် သလိုငွေစာရင်းဖွင့်ထားသူဆိုင်ရာအချက်အလက်(လိပ်စာ နှင့်အမည်၊ နေထိုင်ခွင့်ကာလ/နေထိုင်ခွင့်အမျိုးအစား၊အ လုပ်အကိုင်စသည်)တို့ကိုစိစစ်နေပါသည်။ မှန်ကန်မှုမရှိလျှင်ငွေစာရင်းဖွင့်၍မရခြင်း၊ဖွင့်ထားသည့်ငွေ စာရင်းကိုသုံး၍မရဖြစ်ခြင်းများလည်းရှိပါသည်။

အောက်ဖော်ပြပါကိစ္စရပ်များ ကြုံတွေ့သည့်အခြေအနေတွင်ငွေရေးကြေးရေးအဖွဲ့အစည်းနှင့်ဆက်သွယ် ဆောင်ရွက်ပေးရမည်။

- ✔ လိပ်စာနှင့်နေထိုင်ခွင့်ကာလ၊ နေထိုင်ခွင့်ပြောင်းလဲသွားသည့်အခါ
- ✔ ဘဏ်စာအုပ်နှင့်ငွေသားကတ်ပျောက်ဆုံးသွားသည့်အခါ
- ✔ အလုပ်နှင့်ကျောင်းမှထွက်လိုက်သည့်အခါ
- ✔ မိမိနိုင်ငံသို့ပြန်သည့်အခါ (ကျေးဇူးပြု၍ ဘဏ်စာရင်း ပိတ်သွားပေးရန်)

နိုင်ငံခြားသို့ ငွေလွှဲပေးပို့ခြင်း



- ▶ ငွေလွှဲပို့မည့် ရည်ရွယ်ချက်နှင့် အကြောင်းအရာအသေးစိတ်ကို သိရှိနိုင်မည့် အထောက်အထားစာရွက်စာတမ်းများ တစ်ခါတစ်ရံ လိုအပ်တတ်ပါသည်။
- ▶ ငွေလွှဲ ရောက်သွားသည်အထိ တစ်ခါတစ်ရံ အချိန်ကြာတတ်ပါသည်။

ဘဏ္ဍာရေးဝန်ဆောင်မှုဦးစီးဌာန၏ ခွင့်ပြုချက် မရသေးသော ဘဏ်နှင့်ငွေလွှဲလုပ်ငန်းများသည် တရားမဝင်သောကြောင့် အသုံးမပြုရပါ။ ဘဏ်နှင့်ငွေလွှဲလုပ်ငန်းများ၏ စာရင်းကို ဘဏ္ဍာရေးဝန်ဆောင်မှုဦးစီးဌာန၏ ဝက်ဆိုက်တွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

(အောက်ပါ 2D ကုဒ်ဖြင့် ဝင်ရောက်နိုင်ပါသည်။)

နိုင်ငံခြားသို့ ငွေလွှဲပို့နိုင်ခြင်း ရှိမရှိနှင့် ငွေလွှဲပို့နိုင်သောနိုင်ငံနှင့်ဒေသရပ်ရွာတို့သည် ဘဏ်နှင့်ငွေလွှဲလုပ်ငန်းအသီးသီးပေါ်မူတည်၍ မတူကြပါ။ အသေးစိတ် သိရှိလိုပါက ဘဏ်နှင့်ငွေလွှဲလုပ်ငန်းအသီးသီးထံ စုံစမ်းမေးမြန်းပါ။

ငွေမည်းကိုငွေဖြူဖြစ်အောင်လုပ်ခြင်း (ရာဇဝတ်မှုနှင့်ပတ်သက်သည့်ငွေများကိုင်ဆောင်ထားသူကိုမသိနိုင်အောင်ပြုလုပ်ခြင်း) သည် ဥပဒေချိုးဖောက်မှုဖြစ်ပါသည်။

- အပ်ငွေထုတ်ငွေစာရင်းအသုံးပြုခြင်းနှင့် နိုင်ငံခြားသို့ပိုက်ဆံပို့ခြင်းစသည်တို့နှင့်ပတ်သက်၍ အဆင်မပြေခြင်းရှိပါက ကုမ္ပဏီနှင့်ကျောင်းမှတာဝန်ရှိသူနှင့် ဆွေးနွေးပါ။
- တရားမဝင်လုပ်ငန်းဟုတ်မဟုတ် မဆုံးဖြတ်နိုင်သည့်အခါမျိုးတွင် အဆိုပါလုပ်ငန်းအား အသုံးမပြုဘဲ ကုမ္ပဏီနှင့်ကျောင်းမှတာဝန်ရှိသူနှင့် ဆွေးနွေးပါ။
- တရားမဝင်သည့်နည်းလမ်းဖြစ်သည့်အခြားသူတစ်ဦးအားမိမိ၏ဘဏ်စာရင်းကိုပေးခြင်းစသည်တို့ကိုပြုလုပ်မိပါကသင်သည်ဂျပန်နိုင်ငံတွင်နေထိုင်ခွင့်ရရှိတော့မည်မဟုတ်ပေ။

(၂၀၂၄ စက်တင်ဘာတင် ပြန်လည်ပြင်ဆင်ထားသည်)

ငွေရေးကြေးရေးဝန်ဆောင်မှုအေဂျင်စီနှင့် ဆက်သွယ်ရန် သတင်းအချက်အလက်

-လက်ခံသည့်အချိန် : အလုပ်လုပ်ရက် မနက်၁၀နာရီမှ ညနေ၅နာရီအထိ/

ငွေရေးကြေးရေးဝန်ဆောင်မှုအသုံးပြုသူများအတွက်စုံစမ်းမေးမြန်းဌာန

0570-016811 (IP ဖုန်းမှတဆင့်ဆိုလျှင် **03-5251-6811**)

*ကျွန်ုပ်တို့သည် အင်္ဂလိပ်ဘာသာဖြင့် အကြံပေးဝန်ဆောင်မှုကို လက်ခံဆောင်ရွက်မည်မဟုတ်ပေ၊ ကျေးဇူးပြု၍ ဂျပန်ဘာသာ ကောင်းစွာနားလည်သူတစ်ဦးနှင့် ဆက်သွယ်ဆောင်ရွက်ပေးပါရန်။

အင်္ဂလိပ်ဘာသာအတွက် one-stop service ကောင်တာ **mail:equestion@fsa.go.jp**